အလှကုန်ပစ္စည်းများ၏ အညွှန်းအမှတ်အသားဖော်ပြချက် (Label)တွင် ပါရှိသော အထူးသတိပြုရမည့် အချက်များ၊ ရှောင်ရန်အခြေအနေများနှင့် အသေးစိတ်ဖော်ပြချက်များကို သေချာစွာဖတ်ရှု၍ ဝယ်ယူပြီး ညွှန်ကြားချက်ပါအတိုင်း သုံးစွဲသင့်ပါသည်။

# အညွှန်းအမှတ်အသားများ အထူးသတိပြုဖတ်ရှုထား

**အလှကုန်အား အသုံးပြုပုံအညွှန်း**
-သုံးစွဲသူများအား အလှကုန်ပစ္စည်းသုံးစွဲပုံ၊ သုံးစွဲရမည့် ပမာဏနှင့်အကြိမ်အရေအတွက်ကို တိကျမှန်ကန်စွာ သိရှိကြစေရန်။

**ပါဝင်ပစ္စည်းစာရင်းအပြည့်အစုံ**
-သုံးစွဲသူများအနေဖြင့်ဓါတ်မတည့်သည့်ပစ္စည်းများ ပါဝင်ပါက သိရှိစေရန်အတွက် အလှကုန်၌ပါဝင်သည့် ပစ္စည်းများကို ပြည့်စုံစွာအသိပေးခြင်း။

**အထူးသတိပေးချက်များ**
-သုံးစွဲသူများအတွက် အလှကုန်အား နည်းစနစ်ကျစွာ အသုံးပြုပုံ၊ သိမ်းဆည်းပုံနှင့် အခြားအရေးပါသည့် သတင်းအချက်အလက်များကိုဖော်ပြချက်။ ဥပမာအားဖြင့် အလှကုန်အား အသုံးပြုစဉ် ဆိုးကျိုးတုံ့ပြန်မှုများ ဖြစ်ပါက မည်သို့ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးထားချက်။

**အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး ရောင်းချသည့် ကုမ္ပဏီအမည်နှင့် လိပ်စာ**
-အလှကုန်နှင့်ပတ်သက်၍ သိရှိလိုသည်များရှိပါက ဆက်သွယ်နိုင်စေရန်။




**ပါဝင်မှုအတိုင်းအတာပမာဏ(ထုထည်/အလေးချိန်)**
-အလှကုန်ပစ္စည်း၏ ပါဝင်မှုပမာဏကိုသုံးစွဲသူများရွေးချယ်ရာတွင် အထောက်အကူပြုရန်။

**အလှကုန်ပစ္စည်းအမှတ်တံဆိပ်၊ အမည်နှင့် ၎င်း၏ စွမ်းဆောင်နိုင်မှု**
-သုံးစွဲသူများအသုံးပြုလိုသည့် ရည်ရွယ်ချက်နှင့် ကိုက်ညီသော အလှကုန်ကို ရွေးချယ်ရာတွင် အထောက်အကူပြုရန်။

**ကုန်ပစ္စည်းထုတ်လုပ်မှုအပါတ်စဉ်နံပါတ်**
-အလှကုန်ပစ္စည်းနှင့်ပတ်သက်၍ ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ချိသူများ(သို့)ကြီးကြပ်သူများအတွက် စျေးကွက်မှ ပြန်လည် သိမ်းဆည်းမှုပြုရာတွင်အရေးပါသည်။

**ထုတ်လုပ်သည့် ရက်စွဲ၊ သက်တမ်းကုန်မည့်ရက်စွဲများ (ဥပမာ လ၊ နှစ်)**
-သုံးစွဲသူများအား ကြာရှည်စွာ သိုလှောင်ထားပြီးသော အလှကုန်များကို မဝယ်မိစေရန်။

**ထုတ်လုပ်သည့်နိုင်ငံ**
အလှကုန်ထုတ်လုပ်သည့်နိုင်ငံကိုသုံးစွဲသူများသိရှိစေရန်။